# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ဝန်ကြီးရုံး

## အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၉
## ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
## ( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၅ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၉ ခုနှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ် အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် –

(က) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ် ဆောင်ရွက်ခြင်းဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး၊ ယင်းကုမ္ပဏီသည် တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ Regional Office မှဖြစ်စေ မော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရန် အရောင်းကိုယ်စားလှယ် Distributorship သို့မဟုတ် Dealership ဖြင့် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ဘဏ်စာရင်းတွင် အာမခံငွေ(Deposit) အဖြစ် မြန်မာကျပ်ငွေသိန်း (၁၅၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေစာရင်း ဖွင့်လှစ်၍ ထည့်သွင်း သိမ်းဆည်းထားရမည်။

(ဂ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန်တင်သွင်းလာသည့် မော်တော်ယာဉ်များသည် အသစ် (Brand New) ဖြစ်ရမည်။

(ဃ) တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Year သည် ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့်မော်ဒယ် အသုံးမပြုရသေးသော Brand New ဖြစ်ရမည်ဖြစ်ပြီး ဘယ်စတီယာရင်ယာဉ်ကိုသာ တင်သွင်းရမည်။

(င) မော်တော်ယာဉ်အရောင်းပြခန်းတွင် ပြသရောင်းချမည့် မော်တော်ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန် (Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။

(စ) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း တင်သွင်းရမည်။

(ဆ) မော်တော်ယာဉ်အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး မော်တော်ယာဉ်ဥပဒေအရ နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများနှင့် မော်ဒယ်နှစ်များအတိုင်းသာ တင်သွင်းရမည်။

(ဇ) တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ်အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကို ဆောင်ရွက်လိုပါက သီးခြားခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ဈ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(ည) မော်တော်ယာဉ်အရောင်းပြခန်းကို အဆင့်မီစွာတည်ထောင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ဋ) တင်သွင်းသည့် မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ Spare Parts အပိုပစ္စည်းများရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်းပြင်ဆင်မှုများ (After Sale Services) ကို ဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဌ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာနှင့်သိုလှောင်ရုံသတ်မှတ်ချက်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ အခါအားလျော်စွာထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဍ) မော်တော်ယာဉ်အရောင်းပြခန်းနှင့် သို့လှောင်ရုံနေရာသည် ယင်းအရောင်းပြခန်းဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်။

(ဎ) မော်တော်ယာဉ်အရောင်းပြခန်း၏ အကျယ်အဝန်းသည် စတုရန်းပေ (၁၄၀၀၀) နှင့် သိုလှောင်ရုံအကျယ်အဝန်းသည် စတုရန်းပေ (၅၀၀၀) ရှိရမည်။

(ဏ) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် ခွင့်ပြုထားသော မော်တော်ယာဉ်တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်း မပြုရ။

(တ) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်သည့် ကုမ္ပဏီအနေဖြင့် အရောင်းပြခန်းတွင် (၂) နှစ်အတွင်း မရောင်းရသော မော်တော်ယာဉ်များကိုဖြစ်စေ၊ လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသောမော်တော်ယာဉ်များကိုဖြစ်စေ၊ ဆိပ်ကမ်းရောက်ရှိပြီး (၂) နှစ်အတွင်း စာရင်းရှင်းလင်းခြင်း၊ မှတ်ပုံတင်ခြင်း အပြီးဆောင်ရွက်ရမည်။

(ထ) တင်သွင်းခဲ့သည့် မော်တော်ယာဉ်များရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်း ရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများ နှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ (Deposit) မြန်မာကျပ်ငွေသိန်း (၁၅၀၀) အား ပြန်လည်ထုတ်ယူနိုင်သည်။

( ဒ ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ် များနှင့်စပ်လျဉ်း၍ ထားရှိရမည့်စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ တာဝန်လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရ မည်။

( ဓ ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို အနည်းဆုံး သက်တမ်းမကုန်မီ (၁) လကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၃။ အထက်အပိုဒ် ၂ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောဥပဒေ စည်းမျဉ်းများအပြင် အခြားတည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

(ပုံ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁/၂ - ၁၈ / ၂၀၁၉ ( ၇၀ )
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇွန်လ ၁၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ဦးဆောင်ညွှန်ကြားရေးမှူး၊ } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံတရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း
ဥက္ကဋ္ဌ ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းများထံထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

(signature)

အောင်စိုး
အမြဲတမ်းအတွင်းဝန်